ဆတ်ခြံကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆတ်ခြံကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၁ခုနှစ်

ဆတ်ခြံကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီ အစဉ်

များ၊ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါ သည်။

အောက်တိုဘာလ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆတ်ခြံကျေးရွာ
ရွာငံမြို့နယ်

ဆတ်ခြံကျေးရွာ သယံဇာတပြမြေပုံ



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

ဆတ်ခြံကျေးရွာသည် ရွာငံမြို့နယ် ဆတ်ခြံကျေးရွာ အုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိသော ကျေးရွာဖြစ်သည်။ဆတ်ခြံကျေးရွာသည် ရွာငံမြို့နှင့် (၁၃)မိုင် ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာတည် ရှိရာသည် ကုန်းပြင်မြင့်၊ မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများသာတည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသတွင် တည်ရှိပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ရာတွင် သစ်တောပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်တတ်ပါသည်။ သဘာဝ အရင်းအမြစ် များအနေဖြင့် ကျောက်တောင်များရှိပါသည်။ အနီးတဝိုက်တွင် သဘာဝ ပေါက်ပင်များပေါက်ရောက် တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ဝါး၊ ဆေးဖက်ဝင်အပင်များ ရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစ္ဆာန်များလည်းရရှိနိုင်မှု နည်းပါးသွားပြီ ဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှာ ပေါများစွာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

ဆတ်ခြံကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၂)စု နှင့် ကျား(၂၆၈) မ(၂၆၃)ဦး စုစုပေါင်း လူဦးရေ(၂၆၃)ဦးရှိပါသည်။ကျေးရွာတွင် ဓနုလူမျိုးအများစု နေထိုင်ကြပြီး ဗမာလူမျိုး အနည်းငယ် လည်း နေထိုင်ကြပါသည်။ အလုပ်လုပ် နိုင်သည့် အရွယ် (၆၅%)ရှိပြီး အမျိုးသားများနည်းတူ အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေး နိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူမှုရေးအဖွဲ့၊ ဘာသာရေး အဖွဲ့ တို့ရှိကြပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော မြစိမ်းရောင်အဖွဲ့၊ အာဟာရအဖွဲ့၊ အသေးစားအဖွဲ့၊ ERLIPအဖွဲ့များ ရှိပြီး ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက် လိုအပ်သော ချေးငွေများကို ထုတ်ချေးနိုင်ပါသည်။ အခြားပြင်ပအဖွဲ့ အစည်းများ ဝင်ရောက်မှုရှိပါသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဆတ်ခြံကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၆၀)ဧက၊ ယာမြေ(၁၂၀)ဧက နှင့် မြေလွတ်မြေလပ် အနည်းငယ်သာရှိပြီး စုစုပေါင်း (၁၉၀)ဧကရှိပါသည်။ (၁.၅)ဧကအောက် ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၆၇)စု၊ (၂.၅–၅)ဧကအကြား တောင်သူငယ် အိမ်ထောင်စု (၃၀)စု၊ (၅–၁၀)ဧကအကြား တောင်သူလတ် အိမ်ထောင်စု (၂၀)စု ရှိပါသည်။ (၁၀–၁၂)ဧကအကြား တောင်သူကြီး အိမ်ထောင်စု (၅)စု ရှိပါသည်။ အဓိကအားဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ ပဲပုပ်၊ ထောပတ်၊ ဒညင်း၊ ကော်ဖီ၊ ပဲစင်ငုံ၊ နှမ်းတို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသော အိမ်ထောင်စု များမှာ နေ့စား ကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံများစေးကွက်ပေါ်မူတည်နေပါသည်။ဆန်စပါးကို ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးကြပြီး စျေးကွက်သို့တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားကျရောက်ခြင်းများရှိနေပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ နှင့် သွင်းအားစုများ၊ ဓါတုပိုးသတ်ဆေးများကို ရွာငံမြို့တွင် အလွယ်တကူ ဝယ်ယူနိုင်ပါသည်။ သီးနှံစျေးကွက် နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တဆင့်ရောင်းချနိုင်သည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း များရှိနေပါသည်။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးရေးဓါတ်မြေဩဇာ အသုံးပြုမှုနည်းမှန်ခြင်း၊ မျိုးမကောင်းခြင်း၊စျေးကွက်ခက်ခဲခြင်းတို့ ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဆတ်ခြံကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၂၀)စု ရှိပြီး နွားကောင်ရေ (၇၀)ကောင်။ကျွဲမွေးမြူထားသော အိမ်ထောင်စု (၅၀)စု ရှိပြီး ကျွဲကောင်ရေ (၁၅၀)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၅၀)စု ရှိပြီး ဝက်ကောင်ရေ (၆၀)ကောင်ရှိပါသည်။ အများစုမှာ တစ်နိုင်တစ်ပိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။ ကျွဲ၊နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြခြင်းဖြစ်သည်။

ကျေးရွာတွင် စားကျက်မြေနည်းပါးခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲပါသည်။ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရရှိနိုင်ပါသည်။ ကျွဲ၊ နွား သောက်သုံးရေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် အခက်အခဲပြဿနာများမှာ မွေးမြူနိုင်ရန် စားကျက်မြေလုံလောက်မှုမရှိခြင်း၊ ချေးငွေလိုသလောက် ရရှိမှု မရှိခြင်း၊တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ သိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှု မရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်မှုရှိပါသည်။ ကျပန်းလုပ်သားများ၊ နေ့စာအင်္ဂါးလိုက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပါသည်။ အခွင့်အလမ်းအနေ ဖြင့် လုပ်သားအင်အားရှိခြင်း၊ စျေးကွက်အသင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြခြင်း စျေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် အခြားအဖွဲ့အစည်းများဖြစ်သော မြစိမ်းရောင်အဖွဲ့ ၊အာဟာရ အဖွဲ့၊ အသေးစားအဖွဲ့တို့မှ ချေးငွေရယူကြပါသည်။ ၎င်းတို့အဖွဲ့များမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေကို စားဝတ်နေရေးပညာရေး၊ ကျန်းမာရေး နှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အတွက် ချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ ထော်လာဂျီများ အဓိကထားအသုံးပြုကြပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်မွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်သည့် အခါ အခက်အခဲများဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရခက်ခဲပါသည်။ ကျောက်ချောလမ်းဖြစ်၍ မိုးတွင်းကာလ၌သာ အနည်းငယ်ခက်ခဲ တတ်ပါသည်။ မြို့ငယ်သို့ ကုန်စည်တင်ပို့သည့်လမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် သွားလာရ ခက်ခဲပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်မီးမရရှိသေးသောကြောင့် ရွာသူ/သားများအားလုံး ချက်ပြုတ်ရေးအတွက် ထင်းများခုတ်ယူသုံးစွဲနေရပါသည်။ နှစ်စဉ် နှစ်တိုင်းထင်းခုတ်သူများပြားခြင်းကြောင့် သစ်တောပြုန်းတီးလာပြီး ရာသီဥတုများ ဖောက်ပြန်လာပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်ပါသည်။ကျေးရွာတွင် သတင်းအချက်အလက်အတွက် တီဗွီ(၂၀)လုံးခန့်နှင့် ဆက်သွယ်ရေးအတွက် ဖုန်း(၁၂၀)လုံးခန့် ရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းပညာနှင့် အလယ်တန်းပညာကို သင်ကြားနိုင်ပြီး အထက်တန်းပညာကို ရွာငံမြို့နှင့် အထက မြို့ငယ်တွင် သွားရောက်သင်ကြားရပါသည်။ လက်ရှိအချိန်တွင် ပညာရေးကို ဦးစားပေးလာကြသော်လည်း ယခင်အချိန်က ပညာရေးစိတ်ဝင်စားမှု နည်းပါးခြင်းကြောင့် စာမတတ်သူနှင့် မူလတန်းပညာသာ တတ်မြောက်ကြပါသည်။ ကျောင်းအဆောက်အဦမှာ နှစ်အတော်ကြာပြီဖြစ်၍ မိုးရာသီတွင် မိုးယိုမှုရှိပါသည်။ ကျောင်းအုတ်တံတိုင်းကာရံထားခြင်း မရှိသည့်အတွက် ကျောင်းဧရိယာတိကျမှု မရှိခြင်း၊ အခြားကျွန်းများ လွယ်ကူစွာဝင်ရောက်မှုကြောင့် လုံခြုံမှုမရှိခြင်းတို့ဖြစ်ပေါ်နေပါသည်။ ကျောင်းသူ/သားများ ပညာရေးကို စိတ်ဝင်စားစေရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်း လိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမှီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ဆတ်ခြံကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ဆတ်ခြံကျေးရွာတွင် ရရှိနိုင်ပါသည်။ ရွာသူ/သားများ ကြီးကြီးမားမား ရောဂါဖြစ်ပွားပါက ကျေးရွာနှင့် (၁၃)မိုင်ခန့် ကွာဝေးသော ရွာငံမြို့နယ် ဆေးရုံသို့ သွားရောက်ကြပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း လုံခြုံမှုမရှိသည့် အတွက် လုံခြုံမှုရှိစေရန် အုတ်တံတိုင်းများ ကာရန် ကျေးရွာသူ/သားများ လိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

ဆတ်ခြံကျေးရွာတွင် သောက်ရေသုံးရေ အတွက် ယခင်က စိမ့်စမ်းရေ၊ မိုးရေလှောင်ကန် များကို အသုံးပြုကြပါသည်။ ယခုချိန်တွင် မြသိန်းတန်ရေထွက်မှ (၂၀၂၀–၂၀၂၁)ခုနှစ် နိုင်ငံတော်မှ ရေပေးဝေရေးအိမ်တိုင်ရာရောက်ရေပိုက်များသွယ်တန်းပေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့်စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုလက်ရှိဆတ်ခြံကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၂)ရေလုံလောက်စွာ အိမ်တိုင်ရာရောက်စနစ်ဖြင့် သုံးစွဲနေပြီး ချက်ပြုတ်/လျှော်ဖွပ်ရန် အတွက် မိုးရေလှောင်ကန်ဖြင့် လှောင်ထားရခြင်း၊ စိမ့်စမ်းရေများကို အသုံးပြုနေပါသည်။

ဆတ်ခြံကျေးရွာတွင် ရွာလုံးကျွန် ယင်လုံအိမ်သာ အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများ အတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြောပွဲများပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိ အချိန်အထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာ ကျရောက်မရှိပါ။ဘေးအန္တရာယ် ကျရောက်လာပါကလည်း ကာကွယ်ဂန်နည်းလမ်းများ ထားရှိမှု မရှိသေးပါ။သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ရေးနည်းလမ်းများကို ပညာပေးသင်တန်းများ လိုအပ်နေပါသည်။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ပညာပေးရန် လိုအပ်နေပါသည်။ ထိုမှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွ စွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာ တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်နိုင်မှု ရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်းပါဝင်မှုရှိပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို မြှင့်တင် ပေးပြီးကျေးရွာရှိ စီးပွားရေး၊လူမှုရေး၊အုပ်ချုပ်ရေး စသည်တို့တွင် ပါဝင်လာစေရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင် အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ ဆတ်ခြံကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- ဆတ်ခြံကျေးရွာအုပ်စု ကျေးရွာအမည်-ဆတ်ခြံကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	ပညာရေး	အလယ်တန်းကျောင်းအဆင့်တိုးမြှင့် ပေးနိုင်ရေး	မူလတန်းကျောင်းမှ အလယ်တန်းကျောင်း အဆင့်သို့တိုးမြှင့်ဆောင်ရွက်ရန် ၊ ဆရာ/မ များ အင်အားဖြည့်တင်းပေးရန် လိုအပ်ခြင်း	
၂။	ငွေကြေး	ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု	အတိုးနှုန်းသက်သာသော ချေးငွေရရှိရန် လိုအပ်ခြင်း	
၃။	ကျန်းမာရေး	ကျန်းမာရေးဌာနကို အဆင့်တိုးမြှင့်ပေးနိုင်ရေး	ကျေးလက်ဆေးပေးခန်းအဆင့်မှ တစ်ဆင့်မြှင့်တင်ပေးပြီး ကျန်းမာရေးဝန်ဆောင် မှုများ ရရှိရန် လိုအပ်ခြင်း	
၄။	အခြေခံအဆောက်အဦ	ကျေးရွာတွင်းရှိ လမ်းများကို မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်း အဆင့်တိုးမြှင့်ပေးရေး၊ ဆတ်ခြံကျေးရွာ မှ ရွာငံမြို့သို့ သွားသောလမ်းကို ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးနိုင်ရေး	ဆတ်ခြံမှ မြိုင်သို့ ကုန်စည်စီးဆင်းမှု ကောင်းမွန်လာပြီး ဈေးကွက်သို့ အချိန်ရောက်ရှိနိုင်ရန်လိုအပ်ခြင်း	
၅။	ကျေးလက်မီးလင်းရေး	ကျေးရွာတွင် လျှပ်စစ်မီးရရှိရေး	ကျေးရွာတွင် ရွာလုံးကျွတ်လျှပ်စစ်မီးရရှိရန် လိုအပ်ခြင်း	

နောက်ဆက်တွဲ(၁)

ဆတ်ခြံကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးမြင့်ဆောင်	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၂၀၄၂၀	၀၉-၂၅၅၅၁၄၂၂၉	
၂။	ဒေါ်ခင်မာဦး	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၃၉၀၂၇	၀၉-၄၄၇၈၄၁၄၅၀	
၃။	ဦးသန်းမွေး	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၉၀၅၇	၀၉-၄၄၉၃၄၉၀၉၆	
၄။	ဦးချစ်လှ	ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၃၆၁၉၀	-	
၅။	ဒေါ်သူဇာနိုင်	ဝယ်/ဆပ်ကော်မတီ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၆၆၇၁၁၇	၀၉-၇၈၆၉၄၂၆၂၀	
၆။	ဦးဝင်းဇော်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၄၈၆၃၁	၀၉-၄၅၈၆၅၇၉၀၀	
၇။	ဒေါ်မြင့်သီ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)	၀၉-၄၅၅၀၆၇၄၁၇	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ဆတ်ခြံကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	အရေးပေါ် အခြေအနေဖြစ် လာပါကနှောင့်နှေးခြင်း	သွားလာရခက်ခဲခြင်း	လုပ်သားအင်အားရှိခြင်း		ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကတ္တရာလမ်း(သို့)ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်
၂။	စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားဝင်ငွေ ရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်း နည်းပါးခြင်း	အရင်းအနှီးလုံလောက်စွာမရရှိခြင်း			သက်ဆိုင်ရာ ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန်

နောက်ဆက်တွဲ(၄)

ဆတ်ခြံကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁။	လျှပ်စစ်မီးရရှိရန်	၁	J	J			
၂။	ကျေးလက်ဆေးပေးခန်းအုတ်တံတိုင်းရရှိရန်	၂		J	J		
၃။	စာသင်ကျောင်းအုတ်တံတိုင်းရရှိရန်	၃		J	J	J	
၄။	အတိုးနှုန်းသက်သာသောချေးငွေများရရှိရန်	၄			J	J	J